ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၉ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ရုံးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏ လုပ်ငန်းများ စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်ရေးအတွက် **"ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ရုံးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်)<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်) လက်ထောက်ညွှန်ကြားရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) ဒုတိယညွှန်ကြားရေးမှူး (သို့မဟုတ်) လက်ထောက်ညွှန်ကြားရေးမှူး မြန်မာနိုင်ငံတော်ဗဟိုဘဏ် — အဖွဲ့ဝင်

၂။ အထက်ပါအဖွဲ့ဝင်များသည် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နားလည်သူများဖြစ်ရန်လိုအပ်ပြီး ယင်းအဖွဲ့ဝင် ( ၁ ) ဦးစီနှင့်အတူ ရုံးလုပ်ငန်းဆောင်ရွက်ရန်အတွက် ဦးစီးအရာရှိ ( ၂ ) ဦး၊ ကွန်ပျူတာဝန်ထမ်း ( ၂ ) ဦး ( Computer ၊ Printer ၊ Scanner နှင့် ဆက်စပ်ပစ္စည်းများအပါအဝင် ) ဖွဲ့စည်းစေလွှတ်ပေးရမည်။

၃။ အဆိုပါ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီရုံးအဖွဲ့၏ အုပ်ချုပ်မှုနှင့် လိုအပ်သော ကုန်ကျစရိတ်အဝဝကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

အမိန့်အရ

(ပုံ) အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ